# "ထိုင်းအလုပ်သမားရေးရာဝန်ကြီးဌာနမှ နိုင်ငံခြားသား အလုပ်သမားဦးရေ ထပ်မံလိုအပ်သည်ဟု ပြဌါန်း"

**အကြောင်းအရာ။** ။ ၂၀ ဒီဇင်ဘာ ၂၀၀၅ ဝန်ကြီးများအစည်းအဝေး၏အကျဉ်းချုပ်မှ ကောက်နုတ်ချက်။

အလုပ်သမားရေးရာဝန်ကြီးဌာနမှ တရားမဝင်သော မြန်မာ လာေ ကမ္ဘောဒီးယားမှ နိုင်ငံခြားသား အလုပ်သမားဦးရေ (၅၀၀၀၀၀) ငါးသိန်း ထပ်မံ လိုအပ်သည်ဟု တင်ပြရာ ထိုင်းအစိုးရဝန်ကြီးများ၏ အစည်းအဝေးမှ သဘောတူ ပြဌာန်းလိုက်သည်။

၁။ အစိုးရမှသက်ဆိုင်ရာဌာနများအား ထိုင်းအလုပ်သမားရေးရာဝန်းကြီးဌာနနှင့် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား အစရှိသည့်(၃)နိုင်ငံမှ အလုပ်သမားရေးရာဝန်ကြီးတို့ ပူပေါင်းပြီး လိုအပ်သော တရားဝင် အလုပ်သမား "၂၀၀၀၀၀" နှစ်သိန်း အတွက် လက်ခံရန် သတ်မှတ်ထားသည် (MOU)သဘောတူညီချက်အတိုင်း ဆောင်ရွက်သွားမည်။

၂။ ထပ်မံ၍ အလုပ်သမားဦးရေ "၃၀၀၀၀၀" သုံးသိန်းအား (၃)နိုင်ငံမှ ထိုင်းနိုင်ငံအတွင်း နေထိုင်နေပြီးသားဖြစ်၍ နေရပ်သို့ပြန် ပို့ခြင်း ခံရမည်သူနှင့် နေရပ်သို့ပြန်ပို့ရန်မဖြစ်နိုင်သေးခင်၊ ပြန်ပို့ရန် ရက်ပေါင်း (၃၀)အတွင်း စီစဉ်နေစဉ်ကာလအတွင်း သူတို့အား တရားဝင် အလုပ် လုပ်ခွင့်ပြုသွားမည်။

၃။ အလုပ်ရှင်မှ တရားမဝင်သောနိုင်ငံခြားသား အလုပ်သမားအား၊ နေရပ်သို့ ပြန်ပို့ခြင်းခံရမည်၊ နေရပ်သို့ ပြန်ပို့ရန် စီစဉ်နေစဉ်ကာလ ရက်ပေါင်း(၃၀) အတွင်း စောင့်ဆိုင်နေသူတို့အား အာမခံချက် လုပ်ပြီး အလုပ်လုပ်ခွင့်ပြုသွားမည်။

**ပထမအဆင့်မှာ** နေရာတစ်ခုတည်းမှာပင် မှတ်ပုံတင်ပေးခြင်း(One Stop Service)ခရိုင်တိုင်းမှာ ရက်ပေါင်း(၃၀)အတွင်း အပြီး မှတ်ပုံတင်ခြင်း၊ **မှတ်ချက်** ။ တကယ်မှတ်တမ်းတင်ရန် (မတ်လ)တွင်ဖြစ်မည်။ ) ထောရော ၃၈/၁ ရှိက အလုပ်ရှင်မှ အလုပ်သမားတစ်ဦးအတွက်ကို အာမခံကြေး (၁၀၀၀၀) တစ်သောင်း ပေးဆောင်ရမည်။

ကျန်းမာရေး စစ်ဆေးခ (၆၀၀ ) **ခြောက်ရာဘတ်**

ကျန်းမာရေး အာမခံချက် (၁၃၀၀) တစ်ဦး၊ တစ်နှစ် **တစ်ထောင်သုံးရာ**

အလုပ်လုပ်ခွင့် နှင့် အလုပ်သမားလျှောက်လွှာပုံစံ တစ်စောင် (၁၀၀) **တစ်ရာ**

**အလုပ် လုပ်ခွင့်ရယူခြင်းနှင့် ပေးဆောင်ရမည်ငွေ –**

၃ လ အတွက် (၄၅၀) **လေးရာငါးဆယ်ဘတ်**

၆ လ အတွက် (၉၀၀) **ကိုးရာဘတ်**

တစ်နှစ်ထိ ခွင့်ပြုလျှင် (၁၈၀၀) **တစ်ထောင်ရှစ်ရာ**

**ဒုတိယအဆင့်မှာ** ပထမအဆင့် ဆောက်ရွက်ပြီးသော်လည်း နိုင်ငံခြားသား အလုပ်သမားဦးရေ လိုအပ်မှုပြဿနာကို မဖြေရှင်းနိုင်က အမြဲတမ်း စာရင်းပေးနိုင်သော ရုံးဖွင့်လစ်သွားမည်။ (One Stop Service)ဖွင့်ရန် ခရိုင် (၄) ခုအတွင်း တက်ခ်၊ ချင်းရိုင်း၊ ရနောင်းနှင့် ကန်ကျနဘူရီခရိုင် ဖြစ်ပြီး။ ပထမဆုံးအနေဖြင့် တက်ခ်ခရိုင်၊ မဲဆောက်မြို့တွင် အစမ်းဖွင့်လစ်ပြီး၊ ထောရော ၃၈/၁ မရှိသော နိုင်ငံခြားသားအလုပ်သမားများနှင့် အဖမ်းခံနေသော တရားမဝင်သောနိုင်ငံခြားသား အလုပ်သမားကိုလည်း တရားဝင်မှတ်ပုံတင်သွားမည်။ ထိုအတွက် အလုပ်ရှင်မှ အလုပ်သမားတစ်ဦးအတွက် အာမခံကြေး (၅၀၀၀၀) ငါးသောင်းဘတ် ပေးဆောင်ရမည်။

၄။ ပြည်ထဲရေးဝန်ကြီးဌာနမှ တရားမဝင်သောနိုင်ငံခြားသားအလုပ်သမားများအား ကိုယ်ရေးရာဇာဝင်မှတ်တမ်းတင်ခြင်း၊ မှတ်ပုံတင်ကတ်စ်နှင့် အတူ အလုပ်လုပ်ခွင့် လက်မှတ်ပါ ထုတ်ပေးသွားမည်။

သတင်းအချက်အလက် အပြည့်အစုံကို
ခရိုင် အလုပ်သမားရေးရာဌာနမှ နှင့် မက်(ပ်)ဖောင်ဒေးရှင်းသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
**ဆက်သွယ်ရန်ဖုန်း – ၀၅၃ ၈၁၁ ၂၀၂**

*ဇန်နဝါရီလ ၁၇ ရက် ၂၀၀၆ ခုနှစ် ထိုင်းနိုင်ငံအလုပ်သမားကြီးကြပ်ရေးရုံးမှ အရာရှိများမှ မြန်မာနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ်းပူးချားနိုင်ငံမှ ပြောင်းရွှေ့အလုပ်သမားများအတွက် အောက်ပါအချက်တွင် ဖော်ပြထားသည့်အတိုင်း အဆင့်ဆင့် လုပ်ဆောင်သွားရန် အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ပါသည်။*

၁) အလုပ်သမားလက်ခံသည့်ရုံး one stop service ၂ မျိုး

ပစ္စည်းကိရိယာများစုံလင်စွာထားရှိသည့် အလုပ်သမားများ လျှောက်ထားနိုင်သည့်ရုံး – ဥပမာ – ကွန်ပြူတာ၊ လက်ဗွေရာနှိပ်ခြင်း၊ ဓါတ်ပုံရိုက်စက်နှင့် အရပ်အမြင့်တိုင်းကိရိယာ ရှိသည့်ရုံး

ပစ္စည်းကိရိယာ စုံလင်စွာမရှိသည့် အလုပ်သမားများ လျှောက်ထားနိုင်သည့်ရုံး – ဥပမာ – ကွန်ပြူတာ နှင့် အလုပ်သမားကဒ်လုပ်နိုင်သည့်ရုံး

( ၁ ) ဘန်ကောက်တွင် အလုပ်သမားလက်ခံသည့်ရုံး ၁၀ နေရာရှိသည်။

( ၂ ) အခြားခရိုင်များအတွက် မြို့နယ်အုပ်ချုပ်ရေးရုံးမှ – ဥပမာ – အလုပ်သမား ၁၀၀၀၀ နှင့်အထက်ရှိသည့် ခရိုင် တိုင်းအတွက် ကန်ချနပူးရီးခရိုင်၊ ဇင်းမယ်ခရိုင်၊ စမွတ်စာခွန်းခရိုင်၊ ရနောင်းခရိုင်၊ အစရှိသည့် ခရိုင်များအတွက် အလုပ်သမား အလုပ်လုပ်ကိုင်ခွင့် လျှောက်နိုင်သည့်ရုံး
၂ နေရာဖွင့်လှစ်ပေးထားမည်။

**၁ ) ထေားရော ၃၈၁ လက်မှတ်စစ်ဆေးနိုင်ရန်**

( ၁ ) ဘန်ကောက်တွင်

အလုပ်သမားလက်မှတ် ထေားရော ၃၈၁ လုံးဝမလျှောက်ရသေးသောသူအတွက် အလုပ်လုပ်ကိုင်နိုင်ခွင့် လက်မှတ် **ထေားသော ၁** ကို အလုပ်သမားရေးရုံးတိုင်းတွင်လျှောက်တင်နိုင်၍၊ လျှောက်လွှာတင်ပြီးသည့်နောက်ပိုင်း အလုပ်သမားရေးရာရုံး ရုံးဝန်ထမ်းများမှ လျှောက်လွှာတင်ထားသည့်အလုပ်သမားများအတွက် အလုပ်သမား မှတ်ပုံ တင်လုပ်သည့်အချိန်တွင် မိမိအားသက်သေအထောက်အထားအဖြစ် နံပါတ် ၁၃ လုံးပါသည့် လျှောက်ထားခွင့်လက် မှတ် မိတ္တူကို ထိုသွားရောက်လျှောက်ထားသူအားပေးမည်။

( ၂ ) ၂၀၀၄ ခုနှစ်တွင် နာမည်စာရင်းသာသွားပေးထားပြီး အလုပ်သမားမှတ်ပုံတင်ကဒ် မလုပ်ဘဲရှိသည့် အလုပ်သ မားများအတွက် ( အဓိပယ် – ထေားရော ၃၈၁ လက်မှတ်သာရှိပြီး အကယ်၍ ပျောက်ဆုံးသွားခဲ့သောလူများ အတွက် အလုပ်သမားရေးရာရုံးတိုင်းတွင် သွားရောက်တိုင်ကြားနိုင်ပြီး မိတ္တူကိုပြန်လည်ရယူနိုင်သည်။

၂ ) အခြားခရိုင်များအတွက်

– အလုပ်သမားသည် အကယ်၍ ထေားရော ၃၈၁ မှတ်ပုံတင်ထားသည့်လက်မှတ်မရှိပါက လျှောက်လွှာတင်သည့် လက်မှတ် **ထေားသော ၁** ကို မြို့နယ်တိုင်းရှိ အလုပ်သမားရေးရုံးတွင် လျှောက်လွှာတင်နိုင်ပြီး သို့မဟုတ် ရပ်ကွက် အတွင်းရှိ ဥက္ကဌ ရုံးတွင် လျှောက်ထားနိုင်၍ ပြီးဆုံးပါက ရုံးဝန်ထမ်းမှ လျှောက်ထားသူအတွက် မှတ်ပုံတင်ရိုက်ချိန်

တွင် သက်သေအထောက်အထားအဖြစ် ပြနိုင်ရန် လျှောက်ထားသူအား နံပါတ် ၁၃ လုံးပါသည့် လက်မှတ် ထေားရေား ၃၈၁ လက်မှတ်ကို ပေးလိမ့်မည်။
– ထေားရေား ၃၈၁ လက်မှတ်ရှိပြီးသားဖြစ်ပြီး အကယ်၍ ပျောက်ဆုံးသွားခဲ့သော် ဤလက်မှတ်မိတ္တူကို အလုပ်သမားရေးရုံးတိုင်းနှင့် ရပ်ကွက်အတွင်းရှိ ရုံးတိုင်းတွင် ပြန်လည်၍ မိတ္တူ ကူးယူတောင်းယူနိုင်ပါသည်။

၃ ) အကယ်၍ အလုပ်ရှင်သည် ခူဝ်းတာ့ လက်မှတ် ( အလုပ်သမားလက်ခံနိုင်သည့်လက်မှတ် ) မရှိလျှင် အလုပ်သမား မခေါ်ယူ မလက်ခံနိုင်ပါ။

၄ ) ဘန်ကောက်တွင် ကျန်းမာရေးစစ်ဆေးရန်အတွက် ၁၀ နေရာရှိပြီး ၊ ကျန်းမာရေးစစ်ဆေးနိုင်ရန် ကျန်းမာရေးဝန်ထမ်းများမှ စီမံပြုလုပ်ပေးမည် သို့မဟုတ် အလုပ်သမားများစွာစုစည်းနေထိုင်သည့် နေရာတွင် ဝန်ထမ်းများက နေရာအရောက် လာရောက်စစ်ဆေးစီမံပေးမည်ဖြစ်သည်။

အခြားခရိုင်များအတွက် တာဝန်ရှိသည့် ဆေးရုံများမှ ကျန်းမာရေးဝန်ထမ်းများမှ တာဝန်ယူဆောင်ရွက်သွားလိမ့်မည်ဖြစ်ပါသည်။

**မှတ်ချက်။**
ထေား ၃၈၁ သည် ထိုင်းနိုင်ငံအတွင်းတွင်နေထိုင်နိုင်သည့် လက်မှတ်စာရွက်သာဖြစ်ပြီး အလုပ်သမားကဒ်မရှိ ၊ မလုပ်ထားသူဖြစ်သည်။

Translated by MAP Foundation:
Chiang Mai, Thailand
map@mapfoundationcm.org
053-811-202